# ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်

# ညောင်တုန်းမြို့နယ်

# မြမ္မာပြာသာကျေးရွာအုပ်စု၊ ထိပ်ဝလေးကျေးရွာ

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၁၇-၂၀၁၈)**

**(ကျေးရွာ၏လက်ရှိအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)**

**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**(ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)**

**၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ**

**မာတိကာ**

[Type text]

မာတိကာ ၁

စကားချီး ၆

ထိပ်ဝလေးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ညောင်တုန်းမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

**၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ** ၁၅

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ** ၁၆

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ** ၂၄

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၅

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

[Type text]

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

**ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ**

**ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား (၁၃)** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း**

**ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** (၁၈) **မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

ဇယား (၁၉) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ **ပြဿနာနှင့် အခက်အခဲ**များ

**ဇယား** (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း

**ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု အတွက်လက်ရှိ အလေ့အကျင့် နှင့်အခက်အခဲများ**

ဇယား (**၂၆**) **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

**ဇယား** (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

**ဇယား** (၂၈) ကျောင်းအပ်နှုန်း

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

ဇယား (၃၀) **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ

ဇယား (၃၁) **အဖြစ်များသော** ရောဂါများ

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၃) သောက်သုံးရေ ရရှိမှု

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား (၃၆) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (**၃၈**) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား (**၃၉**) **ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

**ဇယား** (**၄၀**) **ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ**

**ဇယား** (**၄၁**) **ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**

ဇယား (၄၂)    မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ(၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၅၆

**ဇယား (၄၃)** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)**

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၅၉

**ဇယား(၄၅)**

**ကိုးကားစာရင်း** ၆၃

**အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက်** ၆၄

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

အတိုကောက်စကားလုံးများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ထိပ်ဝလေး ကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး

နှင့် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက် အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာ ပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်း တိုးတက်ပြီးစီးမှု၊ ပေါ်ပေါက် လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေ ကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါ မည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ညောင်တုန်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညောင်တုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက် ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင် ပါသည်။

စက်တင်ဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထိပ်ဝလေးကျေးရွာ

ညောင်တုန်းမြို့နယ်

**ရည်ညွှန်း** - ထိပ်ဝလေးကျေးရွာ၊ မြမ္မပြာသာကျေးရွာအုပ်စု၊ ညောင်တုန်းမြို့နယ်တွင် ပြုလုပ်သောကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်)

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး

ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါ သည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည် မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင် ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထား ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အား ထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ် ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်

အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်း ကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်း များအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့် တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါ သည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ် အလိုက်ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီး များ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဥ်မျိုး ဖြစ်ပါသည်။

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ညောင်တုန်းမြို့သည် မအူပင်ခရိုင်၊ဧရာဝတီတိုင်းတွင် တည်ရှိပြီး မြောက်လက်တ္တီတွဒ် ၁၆ ဒီဂရီ ၄၅ မိနစ် မှ ၁၇ ဒီဂရီ ၅၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ်မှ ၉၅ ဒီဂရီ ၅၅ မိနစ် ကြားတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၃၄၈.၂၃ စတုရန်းမိုင် (၂၂၈၆၈ ဧက) ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၂.၃)မိုင်၊ တောင်မှ မြောက်သို့ (၂၃.၀၀)မိုင် ရှည်လျားပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေတွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ် မြေပြန့်ဒေသဖြစ်ပါသည်။ ချောင်း၊ မြောင်း၊ အင်းအိုင်များပေါများပြီး ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် ဘောလယ်မြစ်များ တည်ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် အရှေ့ဘက်တွင် ထန်းတပင်မြို့နယ်နှင့် တွံ့တေးမြို့နယ်၊ အနောက်ဘက်တွင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်၊ တောင်ဘက်တွင် တွံ့တေးမြို့နယ် နှင့် မအူပင်မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့နှင့် ထိစပ်လျှက် ရှိပါသည်။

ညောင်တုန်းမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ဧပြီလတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ ˚C ရှိပြီး အနိမ့်ဆုံး အပူချိန်မှာ ဇန်နဝါရီလတွင် ၁၂ ˚C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၉၄.၉၈) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်း သောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ထိပ်ဝလေးကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ စက္ကော့ တောင်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ညောင်တုန်းမြို့နယ်နှင့် (၉) မိုင်ခန့် ကွာဝေး ပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ သောင်တန်း၊ အောက်စု၊ ကျွန်းသာဝ၊ မောင်းစုကျေးရွာတို့ ဖြစ်ပါသည်။ ထိပ်ဝလေးကျေးရွာသည် ကိုင်းလုပ်ငန်းကို အဓိက လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး ရေလုပ်ငန်းကို အနည်းငယ်လုပ်ကိုင်ကြသည်။ ရန်ကုန်-ပုသိမ် ကားလမ်း နံဘေးတွင် တည်ရှိသောကျေးရွာဖြစ်သောကြောင့် သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာမှု လွယ်ကူသည်။

(ခ) သဘာဝအရင်းအမြစ်များ

**ထိပ်ဝလေး**ကျေးရွာတွင် တွင်းထွက်နှင့် **ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ် များ ထွက်ရှိမှု မရှိပါ။ သို့သော်လည်း ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ငါးရံ့ပလူ၊ ကြိတ်မံရွက်၊ ဘီးစပ်၊ ဆင်တုံးမနွယ်၊ စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေး အတွက် အရေးပါသော ဆေးဖက်ဝင် အပင်များ ပေါက်ရောက် သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။** ကိုင်းမြေကိုအဓိလုပ်ကိုင်ကြသောကြောင့် ဘူး၊ ဖရုံ၊ ငရုပ်၊ သခွား၊ ပဲနှင့် ပြောင်းစိုက်ပျိုးကြသည်။ ကျေးရွာပတ်ဝန်းကျင်အနီးတွင် သဘာဝ တိရစ္ဆာန်များနေထိုင်မှု အသင့်တင့်တွေ့ရသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

**ထိပ်ဝလေး**ကျေးရွာတွင် အိမ်ထောင်စု (၂၀၃) စုရှိပြီး၊ လူဦးရေစုစုပေါင်း (၈၁၂) ဦး ရှိပါသည်။ **ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု ၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦး နှုန်းထက် လျော့နည်း နေပါသည်။** အသက် (၁၅ နှစ်မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၀% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ်အထက် လူဦးရေစုစုပေါင်း ၄၀% သည် မှီခိုသူများ ဖြစ်ကြပါသည်။ **ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

**ကျေးရွာ၏ပြည်သူကိုယ်တိုင် သတ်မှတ်ထားသော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်း အရ ကျေးရွာအိမ်ထောင်စု၏(၄၅) ရာခိုင်နှုန်းမှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြ ပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၇၀)စုရှိပြီး ကိုင်း(၁၀)ဧကနှင့်အထက် ပိုင်ဆိုင်မှုရှိကြသည်။ အိမ်အနေ အထားမှာလည်း တိုက်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း ဖြစ်ပြီး လယ်ယာသုံး ကိရိယာများ အပြည့်အစုံနှင့် နွားစသည်တို့ပိုင်ဆိုင်ကြသည်။ အလယ် အလတ် အိမ်ထောင်စုများမှာ (၆၀)စု ရှိပြီး ကိုင်း(၅-၁၀) ဧကကြား လုပ်ကိုင်ကြသူများဖြစ်ကြပြီး ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံး ကိရိယာများ အနည်းငယ်နှင့် ကြက်၊ ဝက်များကို မွေးမြူကြသော အိမ်ထောင်စု အနည်းငယ် ပါဝင်ပါသည်။ တစ်နှစ် ဝင်ငွေမှာ**

မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စုမှာ (၄၅) စုရှိပြီး ကိုင်း (၅) ဧကအောက် ပိုင်ဆိုင်ပြီးအချို့မှာ မြေယာမဲ့များ ဖြစ်ကြသည်။ လယ်ယာသုံးကိရိယာပိုင်ဆိုင်မှု နည်းပြီး အိမ်အခြေအနေမှာ ပျဉ်ခင်း၊ ထရံကာ၊ ဓနိမိုးအိမ်များ ဖြစ်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၂၈) အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပြီး ကျပန်း လုပ်ကိုင်ကြသူများဖြစ်ကြသည်။ အခြားဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်သူများ ထံမှ ပြန်ပို့ငွေများကိုမှီခိုရပြီး စားဝတ်နေရေး အတွက်ဖြေရှင်းနေကြရသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ကျေးရွာတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၁၅၀) စု ရှိသည့်အနက် (၈၀) အိမ်ထောင်စုမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၆၀) အိမ်ထောင်စုမှာ (၃ - ၆) လ အထိ ဝမ်းစာဖူလုံမှုရှိ၍ (၁၀) အိမ်ထောင်စုမှာ (၆) လ အထက် ချေးငှားခြင်း မပြုဘဲ ထမင်းပုံမှန်/ နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အားခ ကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ ခေါက်ပြန်ပေး အကြွေးယူခြင်း အပြင် အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ် ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲသား တောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ ကိုင်းလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် ကျပန်း လုပ်ကိုင် သောအိမ်ထောင်စုများအဖို့ အလုပ် အကိုင်အခွင့်အလမ်း နည်းပါးသည်။ ပွင့်လင်း ရာသီတွင် အလုပ်အကိုင်ကောင်းမွန် သော်လည်း မိုးရာသီတွင် အလုပ်အကိုင် နည်းပါးသော ကြောင့် ဆင်းရဲသောအိမ်ထောင်စုများ အဖို့ စားဝတ်နေရေးခက်ခဲမှုများ ကြုံတွေ့နေရ တတ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၉)မိုင်ခန့် ကွာဝေးသော ညောင်တုန်း ပြည်သူ့ဆေးရုံသို့ အဓိကထား၍ သွားရောက်ပြသပါသည်။ အရေးပေါ် ကိစ္စရပ်များ အတွက်ကိုမူ ရန်ကုန်မြို့ပေါ် ရှိပြည်သူ့ဆေးရုံသို့သွားရောက်ကုသကြပါသည်။ ကျေးရွာ အတွင်းတွင် လက်နှိပ်တုံကင် (၁၅၀) တွင်း ရှိသောကြောင့် သောက်ရေအတွက် လုံလောက်မှု ရှိပါသည်။ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာများ သုံးစွဲသောကြောင့် ဝမ်းရောဂါ ဖြစ်ပွား မှုနှုန်းနည်းပါးသည်။ ကျေးရွာတွင် ရွာသားအများစုသည် သာမန် အားဖြင့် ကျန်းမာရေး

ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ် အများစု လည်း ကျန်းမာ ကြသည်။ သွေးတိုးနှင့် တီဘီရောဂါများအကို အနည်းငယ်ခံစားကြရသူများ လည်းရှိသည်။ မိုးရာသီရောက်ချိန်တွင် တုပ်ကွေးရောဂါကို ကလေးငယ်များတွင် အနည်းငယ် ဖြစ်ပေါ်လေ့ ရှိသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ထိပ်ဝလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ယူနေသော ကျောင်းသား (၈၈) ဦးခန့် ရှိပါသည်။ မူလတန်းအဆင့်အောင်မြင်သူများသည် (၄)မိုင်ခန့် ကွာဝေးသော နတ်ပေးအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ကျောင်းအကျိုးတော်ဆောင် (၇) ဦး၊ ကျောင်းသား မိဘများ အားလုံးနီးပါးပါဝင်သော မိဘ ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက် များကို ပူးပေါင်း ဆောင်ရွက်ကြသော ကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲများမရှိ လုပ်ဆောင်နေနိုင်ပါသည်။ မူလတန်းပညာပြီးမြောက်မှုနှုန်း မြင့်မားသော် လည်း တက္ကသိုလ်အဆင့် ဘွဲ့ရ များနည်းပါး ပါသည်။

**ကျေးရွာရှိ ကိုင်းသမားအများစုမှာ အဓိကစိုက်ပျိုးသီးနှံအဖြစ် ပဲ၊ ပြောင်း၊ ငရုပ်၊ ကွမ်းတို့ကို မိုးရာသီနှင့် နွေရာသီ နှစ်သီး စိုက်ပျိုးကြသည်။** ဝက်၊ ဒေသကြက်၊ ဘဲ စသည် တို့ကို တစ်နိုင် တစ်ပိုင် မွေးမြူကြပါသည်။ **ရေလုပ်ငန်းလုပ်ကိုင်သူသော အိမ်ထောင်စု (၄၀)ခန့်ရှိပါသည်။** စိုက်ပျိုးရေးလုပ်ငန်းလုပ်ဆောင်မှုမရှိသော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုးအစရှိသည့် လုပ်ငန်းများကိုလုပ်ကိုင်ကြ သည်။ အစိုးရဌာနအချို့တွင် ဝင်ရောက် အမှုထမ်းနေသော အစိုးရဝန်ထမ်းရှိသည့် အိမ်ထောင်စုများလည်း အနည်းငယ် ရှိနေပါသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

**ထိပ်ဝလေး**ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက် ပိုများသည်။ ရန်ကုန်-ပုသိမ်ကားလမ်းဘေးတွင် တည်ရှိသောကြောင့် ကျေးရွာထိပ်ရှိ မြသီတာ၊ ကလပ်စစ်၊ သမုဒယ၊ နဒီလှိုင်းကဲ့သို့သော စားသောက်ဆိုင်ကြီးများတွင် အရောင်းဝန်ထမ်းများအနေဖြင့် ဝင်ရောက်လုပ်ကိုင်သူများလည်းရှိနေသည်။ နေစားလုပ်ကိုင် သူများ၏ တစ်နေ့တာဝင်ငွေမှာ အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ၊ အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ် ရရှိပြီးလူဦးရေ(၆၀)ခန့် လုပ်ကိုင်ကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှု တွင်လည်း ပညာရေး အဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာ

အဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင် ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့် များတွင်မူ အမျိုးသမီးများ၏ပါဝင် ဆောင်ရွက် နိုင်ခွင့် အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာ တွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

**ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လမ်းကော်မတီ၊ ရပ်မိရပ်ဖ၊ ကျေးရွာရှိ လူကြီးလူငယ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေး ကိစ္စ**ရပ်များကို **ကျေးရွာအုပ်ချုပ်ရေး အဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။**

**ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန လမ်းညွှန်ချက်ဖြင့်** ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ ရွာသား များကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပြီး ကော်မတီသည် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာန များ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

**ကျေးရွာရှိ ကိုင်းသမားများ အဓိက စိုက်ပျိုးသောသီးနှံမှာ ပဲ၊ ပြောင်းဖြစ်ပြီး ကွမ်းကို အိမ်ထောင်စု(၇)စုမှ စိုက်ပျိုးကြပြီး ရောဂါကင်းလွတ်သည့် ခြံများတွင် ကွမ်းခြံတိုင်(၁၀၀၀) လျှင် တစ်လဝင်ငွေမှာ (၁၀၀၀၀၀)ကျပ်ခန့် ရရှိသဖြင့် ဆင်းရဲသား မိသားစုများအတွက် အားထားစိုက်ပျိုးနိုင်သော်လည်း ရောဂါမကာကွယ်နိုင်လျှင် အရင်းနှီးများစွာ ဆုံးရှုံးနိုင်ပေ သည်။**

**ထိပ်ဝလေးကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ သို့သော် အသေးစားဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၁)စုရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်**

နိုင်ရန် အထူးလိုအပ်ပါသည်။

**ရေလုပ်ငန်းလုပ်ကိုင်သူများသည် ငါးမဖမ်းရသောရာသီတွင် ကျပန်းလုပ်ကိုင်ကြခြင်း ဖြင့် စား၊ ဝတ်၊ နေ ရေးကိုဖြေရှင်းကြရပါသည်။**

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ထိပ်ဝလေး**ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ** ဈေးဆိုင်၊ အရောင်းအဝယ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက် ဗျက်ထိုး၊ ဆိုင်ကယ်တက်စီ၊ စားသောက်ဆိုင်များတွင် လုပ်ကိုင်ကြခြင်း အစရှိသည့် လုပ်ငန်း များကိုလုပ်ကိုင်ကြသည်။ **နေ့စားအလုပ်လုပ်ကိုင်သူများမှာ ကိုင်းလုပ်ငန်းတွင် လုပ်ကိုင် ခြင်း၊ ကွမ်းခြံအတွင်းကွမ်းညွန့်ချိုး ရေလောင်း ပေါင်းသင်လုပ်ကိုင်ခြင်းနှင့်** ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ် **သွားရောက် လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ (၃၀၀၀) ကျပ် ရရှိပါသည်။ အချို့တွင် အစိုးရဝန်ထမ်းများ ဖြစ်သည့်အတွက် မိမိရရှိသောလစာအားဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။**

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု**

ကျေးရွာတွင် ကိုင်းသီးနှံ ဖျက်ပိုးများ ကျရောက်တတ် ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ် အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

ထိပ်ဝလေးကျေးရွာတွင် သဘာဝဘေးအန္တရာယ်မှ **ဘေးကင်းလုံခြုံရေး အတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်း မရှိပါ၊ သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိနိုင်ပါသည်။**

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန်အ ရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီး ဌာနနှင့် ပက်-မြန်မာ အသေးစားချေးငွေလုပ်ငန်း တို့ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ကိုင်းသမားများကိုသာ ထုတ်ချေးပြီး ကိုင်းတစ်ဧကေ လျှင် (၅၀,၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၅၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုး နှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လစဉ်တိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လ ဖြစ်သည်။

သမဝါယမဦးစီးဌာန သမဝါယမအဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင် ဖြစ်လျှင် ထုတ်ချေးခွင့်ရနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀) ကျပ် စုရသည်။ စိုက်ပျိုးရေးနှင့် ကျပန်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀,၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာ ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် စိုက်ပျိုးရေးချေးငွေနှင့် ကျပန်း များအား ချေးသည့် ရိုးရိုးချေးငွေဟူ၍ ထုတ်ချေးနိုင်သည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမ နှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်သည်။ စိုက်ပျိုးရေး ချေးငွေရရှိရန် ပုံစံ (၇) လိုအပ်သည်။ ချေးယူသည့်သက်တမ်း ကြာလာသည်နှင့်အမျှ ထပ်တိုး၍ ချေးယူခွင့်ရရှိသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

ထိပ်ဝလေးကျေးရွာတွင်ရှိသော အခြေခံပညာ မူလတန်းကျောင်းဆောင်မှာ(၈၀'x ၃၀' x ၁၀') ရှိသော တစ်ထပ်အုတ်ကျောင်း ဖြစ်ပြီး အရည်အသွေးကောင်းမွန်လျက် ရှိပါသည်။ ကျောင်းအုပ် ဆရာမကြီး (၁) ဦး၊ ဆရာမ (၄) ဦး စုစုပေါင်း (၅) ဦး ရှိပါသည်။ ဝန်ထမ်းအင်အားလုံလောက်ကာ ဆရာတပည့် အချိုးညီသောကျောင်း ဖြစ်ပါသည်။ ကျောင်းဆောင်အတွင်း အခန်းများ ခွဲထားခြင်း မရှိပဲ၊ ဟောခန်းပုံစံဖြင့် ထားရှိပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသူ/သား (၈၈) ဦး ရှိပါသည်။ (၇)ခန်းတွဲ အိမ်သာ (၁)လုံးနှင့် (၁) ခန်းတွဲ (၁)လုံးရှိပြီး ကျောင်းသား/ သူများအတွက် လုံလောက်မှု ရှိပါသည်။ စာသင်ခုံနှင့် စာရေးခုံအစရှိသည့် ကျောင်းသုံးပရိဘောဂများ ပြည့်စုံကောင်းမွန် သောကြောင့် ကျောင်းသား/သူများအတွက် အခက်အခဲမရှိ အဆင်ပြေချောမွေ့နိုင်ပါသည်။ (၃)နှစ်အောက်ကလေးငယ်အချို့ကိုလည်း ကျေးရွာရှိမူလတန်းကျောင်းတွင်ပင် မူကြိုကလေး များအဖြစ် သင်ကြားပေးနေရပါသည်။

မူလတန်းအဆင်အောင်မြင်ပြီးသော ကျောင်းသား/သူများသည် (၇)မိုင်ခန့် ကွာဝေး သောနတ်ပေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် သွားရောက် ပညာသင်ကြားနေရသော်လည်း ဆင်းရဲသောမိသားစုအချို့တွင် အတန်းပညာကိုဆက်လက် မသင်ကြားနိုင်ချေ။ ထို့ကြောင့် မူလတန်းပညာကျောင်းထွက်နှုန်း အသင့်အတင့်ရှိပါသည်။

**ကျန်းမာရေးချို့တဲ့မှု ဖြစ်ပွားပါက ညောင်တုန်းမြို့ပေါ်ရှိ ဆေးရုံဆေးခန်းများသို့ အဓိကထား၍ သွားရောက်ကုသကြရပါသည်။ အသေးစား ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ကျေးရွာ အတွင်းရှိ ဈေးဆိုင်များတွင်ရရှိနိုင်ပြီး ပြင်းထန်သောရောဂါများ၊ မတော်တဆ ထိခိုက်မှုများနှင့် အရေးပေါ်ကျန်းမာရေးအတွက် ကျေးရွာလူငယ်များ ဖြင့်ဖွဲ့စည်းထားသော လူမှုကူညီမှုအသင်းအဖွဲ့၏ကဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြရပါသည်။ ထိုကြောင့် ကျန်းမာရေးနှင့် ရင်ဆိုင်ရလျှင် အရေးပေါ်ကာကွယ်ထိန်းချုပ်ရန် ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း အနည်းဆုံး တစ်ဦးလိုအပ်ပေမည်။**

ကျေးရွာအတွင်း ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ(၁၆၀)ခန့်ရှိပြီး ဆင်းရဲ၍ ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများတွင် ယင်လုံအိမ်သာ ဆောက်လုပ်ရန်အတွက် နည်းစနစ်တကျဆောက်လုပ်နိုင်ခြင်းမရှိပေ။ ထို့ကြောင့် ယင်လုံအိမ်သာဆောက်လုပ်ရေးနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရန်မှာ အဓိကကျပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

**လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ထို့ကြောင့် ဝတ်ရွတ်အသင်း ဖွဲ့စည်းကာ တရားပွဲ၊ ပဌာန်းပွဲ၊ ဘုရားပွဲများတွင် လိုက်ပါရွတ်ဆိုဆောင်ရွက်ကြသည်။ ကျေးရွာရှိလူငယ်များ စာပေဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန် စာကြည့်တိုက်လိုအပ်သည်မှာ မှန်သော်လည်း တည်ဆောက်ရန်မြေနေရာမရှိခြင်း၊ အဆောက်အဦဆောက်လုပ်စဉ် ကုန်ကျစရိတ်များအား အပြည့်အဝမထည့်ဝင်နိုင်ခြင်း တို့ကြောင့် မဆောက်လုပ်နိုင်ခြင်းဖြစ်ပါသည်။ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး လုပ်ငန်းများတွင် အားတက်သရော ပါဝင်လုပ်ဆောင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းနေသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် တဖြည်းဖြည်း စိတ်ပါ**

**ဝင်စားမှုရှိလာသည်။**

**(ဈ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ထိပ်ဝလေး-အောက်စုကျေးလက်လမ်းကို ၂၀၀၅ ခုနှစ်တွင် စတင်ဖောက်လုပ်ပြီး ပေ(၃၀၀၀)ရှည်ပါသည်။ ယခုတွင်ကျေးရွာအဝင်လမ်းအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှထောက်ပံ့ငွေနှင့် ကျေးရွာထည့်ဝင်ငွေ ပူးပေါင်းကာ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ကျေးရွာအဝင်ရှိ (၂၅)ပေအရှည်၊ (၁၁)ပေအကျယ် သံကူကွန်ကရစ်တံတား တစ်စင်းနှင့် (၆၀)ပေအရှည်၊ (၆)ပေအကျယ် သံကူ ကွန်ကရစ်တံတားတစ်စင်း စုစုတံတား(၂)စင်းကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီ ဖြင့် တည်ဆောက်နိုင်ခဲ့ပါသည်။

ထိပ်ဝလေးကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုသော ယာဉ်များမှာ ဆိုင်ကယ်(၈၀)စီး နှင့် ထော်လာဂျီ(၁၀)စီးတို့ဖြင့် သယ်ယူပို့ဆောင်ကြပါသည်။

ကျေးရွာမီးလင်းရေးအတွက် ဖယောင်းတိုင်၊ ဘက္ကထရီ နှင့် ဆိုလာစနစ်ဖြင့် မီးလင်း ရန်အတွက် မိမိအစီအစဉ်ဖြင့်ဝယ်ယူအသုံးပြုကြရသည်။ ဓါတ်အားလိုင်းနှင့်နီးသော်လည်း ကျေးရွာကိုယ်ထူကိုယ်ထ ဆောင်ရွက်ရသောကြောင့် ယနေ့အချိန်ထိ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိ သေးပေ။

**ကျေးရွာတွင် ဆက်သွယ်ရေးအတွက် တယ်လီဖုန်းကို အသုံးပြုနိုင်ပြီး သတင်း အချက် အလက်ရယူရန် တီဗွီ၊ စလောင်း၊ အင်တာနက်မှတစ်ဆင့်ရယူနိုင်သော ဆက်သွယ် ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေသော အဆောက်အဦများမရှိသော်လည်း လိုအပ်သော သတင်းအချက်အလက်ရယူနိုင်ပါသည်။**

**(ည) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

**ကျေးရွာအတွင်းနေထိုင်သော ကျေးရွာပြည်သူများသည် အိမ်ထောင်စု တစ်စုနှင့်တစ်စု အချင်းချင်းကူညီရိုင်းပင်းကာ စည်းလုံးညီညွတ်စွာနေထိုင်သောကြောင့် အေးချမ်းသာယာသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ထို့ကြောင့် သာမန်ခိုးမှုများ ရန်ဖန်ရန်ခါဖြစ်တတ်သော်လည်း အခင်းကြီးငယ်ဖြစ်ပွားခြင်းမရှိပါ။ ကျေးရွာလုံခြုံရေးအတွက် လူငယ်များ၊ ရပ်မိရပ်ဖများနှင့်**

ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့်ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။ ထို့ပြင် တစ်စုံတစ်ရာ အခင်းဖြစ်ပွားမှုရှိပါက မြို့နယ်ရဲတပ်ဖွဲ့မှ အချိန်မီအရေးယူဆောင်ရွက်ပေးနိုင်သောအခြေအနေရှိပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာအတွင်း အလုပ်လုပ်နိုင်သည့် လူဦးရေများသောကြောင့် ကျေးရွာ၏သာရေး၊ နာရေးကိစ္စများသာမက ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လည်း အင်တိုက်အားတိုက်ပါဝင်နိုင်ပါသည်။ ကျေးရွာလူငယ်များသည် မိမိတို့ကျေးရွာ ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။ လူငယ်များ သည် ကျေးရွာလူကြီး များနှင့်လက်တွဲကာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သော လုပ်ဆောင်မှု များသည် အားရကျေနပ်ဖွယ်ကောင်းလှပါသည်။

ကျေးရွာတွင် အဓိကစိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် ကိုင်း.စိုက်ပျိုးရေးလုပ်ငန်း တွင် ပဲ၊ ပြောင်း၊ ကွမ်း ရောင်းချချိန်တွင် ဈေးနှုန်းအသင့် အတင့်ရှိ၍ ကိုင်းသမားမိသားစုများကို အမှီပြု၍ လုပ်ကိုင်စားသောက်ရသော အိမ်ထောင်စု များအတွက် အလုပ်အကိုင် အခွင့် အလမ်းရှိသောကြောင့် အဆင်ပြေသည်။ ကျပန်းလုပ်ကိုင်သူ များအတွက် ဝင်ငွေနှင့် စားနပ် ရိက္ခာ ကို အသင့်အတင့်ဖူလုံစေသည်ဟုဆိုရပေမည်။

ကျေးရွာအနီးရှိအင်းအိုင်များတွင် ရေပေါ်ရေလျှံ လုပ်ကိုင်လျက်ရှိသည့် ရေလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများအတွက် ဖမ်းဆီးရရှိသော ငါး၊ ပုစွန်များကို အသေးစားဈေးကွက်သို့အမြန်ဆုံးတင်ပို့နိုင်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုအားကောင်းသည်ဟု ဆိုရပေ မည်။

ကိုင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသော အိမ်ထောင်စုများ အဖို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကိုရယူနိုင်ခြင်း၊ သမဝါယမ ချေးငွေနှင့် ပက်-မြန်မာချေးငွေစသဖြင့် ချေးငွေများကို လက်လှမ်းမီသည့် အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေပမာဏအား ရရှိနိုင်

ပါသည်။

ထိပ်ဝလေးကျေးရွာရှိ အခြေခံမူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများ အတွက် ဆရာ၊ ဆရာမများ လုံလောက်မှုရှိသည့်အပြင် မိဘဆရာအသင်းသည် စုစည်းတက် ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းပညာရေး အတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ ထို့ပြင်အလယ်တန်းနှင့် အထက် တန်းပညာသင်ယူနိုင်ရေးအတွက် (၄)မိုင်ခန့်ကွာဝေးသော နတ်ပေးအထက်တန်း(ခွဲ)ကျောင်း သို့ နေ့ချင်းပြန်တက်ရောက်နိုင်သော်လည်း ဆင်းရဲသောမိသားစုများအဖို့ မူလတန်းအဆင့် ၌သာကျေနပ်ခဲ့ရသည်ကများသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် အသင့်အတင့်လွယ်ကူသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ထိပ်ဝလေးကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့် တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်း လုပ်ဆောင် ချက်များတွင် အားနည်းမှု ရှိနေပါသည်။

စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစု များမှာ အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုအားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ် သောအချိန်တွင် လိုအပ်သလောက်ချေးငွေရရှိရန် အကန့်အသတ်များရှိနေခြင်း စသည်တို့ လိုအပ်ချက်များရှိနေဆဲပင် ဖြစ်ပါသည်။

ထိပ်ဝလေးကျေးရွာသည် မြန်မာလယယ်ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်း အဖွဲ့များနှင့် ပက်-မြန်မာအဖွဲ့များ စသည်တို့မှ ချေးငွေများရရှိသော်လည်း တင်းကျပ်သော ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလ တိုတောင်းခြင်းကြောင့် တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားဖြစ်နေဆဲပင်ဖြစ်သည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ မိတ်သလင်းကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲကြသောအခါလူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို (၂၀၁၈ခုနှစ်မှ ၂၀၂၂ခုနှစ်)အတွင်း အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများတိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာ စေပြီး စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် **အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက် အတွင်း လူကြိုက်များသောစပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက် များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။**

(၂) **လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံ များ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီ သော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။**

(**၃**) **ကျေးရွာအတွင်းရှိ လူငယ်များ၏** အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသ အတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုး တူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(၅) ကျေးရွာတွင်း လမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများ အတွက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၆) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သေးသဖြင့် လတ်တလော ကာလတွင် အဆင်ပြေနိုင်မည့် ဆိုလာပြားများအား အိမ်တိုင်းစေ့ တပ်ဆင်နိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်နှင့် ဆိုလာပြားများ ထောက်ပံ့ပေးနိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျ သော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ် ပေးနိုင်ခဲ့ကြ ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

မိတ်သလင်းကုန်းကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့်

အခြားသီးနှံစိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြ သည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

မိတ်သလင်းကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ညောင်တုန်းမြို့နှင့် မဝေးလှသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေး ဦးစီးဌာန၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြဖေးမမှုများကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာ စေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာ သင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ

တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊ အခြားဒေသ များတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

**(ဈ)ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

**(ဏ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေး ပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော် ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်း တို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များ အပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်

အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ် ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက် တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့် ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ -ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်

တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။ | ၇၀ | ၉ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း | • ကျေးလက် / ဦးစီး |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | | |

| | | | | | |
|---|---|---|---|---|---|
| **အခြေခံ အဆောက် အဦး နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး | ၇၃ | ၈ | • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်<br>• ဈေးကွက် နှင့် သတင်းချိတ် ဆက်လုပ်ဆောင်မှု ပြုလုပ်ခြင်း<br>• မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း<br>• စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)<br>• ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုး မြှင့် ထုတ်ကုန် ဈေးကွက်သို့ တက် လှမ်းခြင်း။<br>• ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း နိုင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း | • |

***တိရစ္ဆာန် မွေးမြူရေးနှင့် ရေလုပ်ငန်း***

| | | | | | |
|---|---|---|---|---|---|
| **ဈေးကွက်နှင့် နည်း ပညာ သင်တန်း** | ၃။ ငါးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး | ၆၀ | ၁၁ | • ငါးအခြေခံ ကုန်ချောများ ရောင်းချနိုင်ရန် ဈေးကွက်သဘောတရား နား လည်မှု စွမ်းရည်မြှင့်တင်ရေး။<br>• ကုန်ချောထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်အား နားလည်မှု စွမ်းရည် မြှင့်တင်ရေး။ | • |

***အခြား ဝင်ငွေရ လုပ်ငန်းများ***

| | | | | | |
|---|---|---|---|---|---|
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၄။ အလုပ်အကိုင် အခွင့်အလမ်း များပြား လာစေရေး | ၆၅ | **၁၀** | • Business Deve-lopment သင်တန်းများ နှင့် ဈေးကွက်ဆိုင်ရာ နည်းပညာ သင်တန်းများ ပေးခြင်း<br>• ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်း ပညာများပေးခြင်း (အလှပြင်၊ မုန့်လုပ်၊ စက်ပြင်၊ဆိုင်ကယ်ပြင်)<br>• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုးရေး | • ကျေးလက် / ဦးစီး |
| ***ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |
| **ချေးငွေ လက်လှမ်း မီရေး** | ၅။ သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး။ | ၈၀ | **၄** | • ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း<br>• အတိုးနှုန်းသက်သာပြီး ကာလရှည် ထုတ်ချေး ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း | • |
| ***ပညာရေး*** | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက် ရေး | ၈၀ | ၅ | • ကိုယ်ထူကိုယ်ထ မူကြိုကျောင်းနှင့်ကလေးအားကစားကွင်း တည်ဆောက်ခြင်း။<br>• ဂါလံ (၂၀၀၀) ဆန့် မိုးရေလှောင်ကန် တည်ဆောက်ခြင်းနှင့် | • |

| | | | | | |
|---|---|---|---|---|---|
| | | | | ရေသန့်စက်များ တပ်ဆင်ပေးခြင်း။ | |
| ***ကျန်းမာရေး*** | | | | | |
| **ကျန်းမာရေး တိုးတက်လာစေ ရေး** | ၇။ ကျေးရွာ၏ ကျန်းမာ ရေးကဏ္ဍ တိုးတက်လာ စေရေး | ၁၅ | ၂ | • ကျေးလက် ကျန်းမာရေးဆေးပေး ခန်းနှင့် ကျန်းမာရေး ဝန်ထမ်းရရှိရန် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း<br>• ယင်လုံအိမ်သာများ ဆောက်လုပ် အသုံးပြုရန် တိုက်တွန်းခြင်း<br>• ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | • |
| ***ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး*** | | | | | |
| **သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | ၈။ ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေ စေရေး။ | ၇၇ | ၆ | • ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း။<br>• ရွာလူထုထံမှ ပူးပေါင်းပါဝင်မှု ရယူခြင်း။<br>• ပုဂ္ဂလိကအလှူရှင် ကျေးလက်ဒေသဖွံ့ ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | • ကျေးလက် / ဦးစီး |
| ***လမ်းပန်း ဆက်သွယ်ရေး*** | | | | | |
| **လမ်း၊ တံတား ကောင်းမွန်** | ၁၀။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက် | ၈၈ | ၁ | • သလပ်ခွာ-စစ်ကဲကုန်း-ကြက်တူရွေးလမ်းအား ကွန်ကရစ်ခင်းခြင်း | • ကျေးလက် / ဦးစီး |

| | | | | | |
|---|---|---|---|---|---|
| **လာစေရေး** | လာစေရေး | | | • ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်း<br>• ကြက်တူရွေး (ရွာလယ်တံတား) တည်ဆောက်ခြင်း<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြခြင်း။ | |
| ***လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး*** | | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၁၀။ ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး။ | ၈၃ | ၃ | • ကျေးရွာမီးလင်းရေး ကော်မတီ ဖွဲ့စည်းရန်။<br>• မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့တင်ပြခြင်း။ | • ကျေးလက် / ဦးစီး |
| ***လူငယ်၊ ယဉ်ကျေးမှု နှင့် အားကစား*** | | | | | |
| **လူငယ်များ စွမ်းဆောင်ရည် တိုးတက် လာစေရေး** | ၁၁။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင် ပေးရေး | ၇၅ | ၇ | • အခြေခံ ခေါင်းဆောင်မှု သင်တန်း။<br>• အဖွဲ့အစည်း စီမံခန့်ခွဲမှု သင်တန်း။<br>• ဆက်ဆံရေးနှင့် ပံ့ပိုးမှု တိုးတက်လာစေရေး သင်တန်း။ | • ကျေးလက်/ ဦးစီး |

[Type text]

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| **စဉ်** | **စီမံချက် (Project)** | **ဦးစား ပေးအ ဆင့်** | **၂၀၁၈** | **၂၀၁၉** | **၂၀၂၀** | **၂၀၂၁** | **၂၀၂၂** |
|---|---|---|---|---|---|---|---|
| ၁ | ပို့ဆောင်ရေး အခြေခံ အဆောက်အဦ များ တိုးတက်လာစေရေး | ၁ | Â | Â | | | |
| ၂ | ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး | ၂ | Â | Â | Â | Â | Â |
| ၃ | ဆိုလာမီးရရှိရေး ချိတ်ဆက် ဆောင်ရွက်ရေး။ | ၃ | Â | | | | |
| ၄ | သင့်တင့်သော အတိုးနှုန်း ဖြင့် ကာလ ရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၄ | Â | Â | | | |
| ၅ | ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး | ၅ | Â | Â | Â | | |
| ၆ | ကျေးရွာ၏ သောက်သုံးရေ ကိစ္စ အဆင်ပြေစေရေး | ၆ | | | Â | | |
| ၇ | လူငယ်များအား စွမ်းဆောင်ရည် | ၇ | Â | Â | | | |

